ပူးတွဲ ၁
စာပိုဒ် ၁ နံပါတ် ၂.၃ ၊ အပိုဒ်ငယ် ၁

## နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများအတွက်လက်ကမ်းစာစောင်
## ကျန်းမာရေးဌာန၏ ကျန်းမာရေးစစ်ဆေးချက်

နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူတစ်ယောက်အနေနှင့် Sachsen ပြည်နယ်သို့ဝင်ရောက်လာပြီးက၊ ကျန်းမာရေးဌာန၏ကျန်းမာရေးစစ်ဆေးမှုခံယူရမည်။ ကျန်းမာရေးစစ်ဆေးခြင်းအားဖြင့် ကူးစက်ရောဂါများရှိနေက သိရှိနိုင်ပြီး၊ ကုသမှု နှင့် ရောဂါ ကူးစက်မှုကိုတားဆီးနိုင်ရေးစီမံဆောင်ရွက်သွားနိုင်ပါသည်။ ကျန်းမာရေးစစ်ဆေးခြင်းသည်ဦးစွာသင့်အတွက်ဖြစ်သော်လည်း သင့်နှင့်အတူနေထိုင်သူများအတွက်လည်း ဖြစ်သည်။

ကျန်းမာရေးစစ်ဆေးခြင်းသည်ခန္ဓာကိုယ်အထွေထွေစစ်ဆေးမှုဖြစ်သည်(ကူးစက်ရောဂါရှိ ၊ မရှိ လုံလောက်သောစစ်ဆေးမှုပြုလုပ်မည်) ၁၅ နှစ် နှင့်အထက်အား ရင်ဘတ်ဓါတ်မှန်ရိုက်မည်။ ၁၅ နှစ်အထိကလေးများ နှင့် ကိုယ်ဝန်ဆောင်မိခင်များကို တီဘီရောဂါရှိ ၊ မရှိ အရေပြားစစ်ဆေးခြင်း၊ ၁၃ နှစ် နှင့်အထက်အား အသဲရောင်ရောဂါ အေ နှင့် ဘီပိုး (ကူးစက်အသားဝါရောဂါ) နှင့် ဝက်သက်ရောဂါ၊ ပါးချိတ်ရောင်နာ၊ ဂျိုက်သိုး၊ရေကျောက်/ကျောက်ဖြူရောဂါ တို့အတွက်ကိုခံအားရှိ၊ မရှိ သွေးဖေါက်စစ်ဆေးမှုပြုလုပ်မည်။ ရောဂါသံသယရှိသူများအား အူလမ်းကြောင်းကူးစက်ရောဂါပိုးရှိ မရှိ စစ်ဆေးမည်။

ကျန်းမာရေးဌာနဆရာဝန်မှ အခြားရောဂါလက္ခဏာများစစ်ဆေးတွေ့ရှိပါက အဆိုပါရောဂါလက္ခဏာများအတွက်ဆက်လက်စစ်ဆေးမှုများဆက်လက်ပြုလုပ်မှုကိုခံယူရမည်။

ကျန်းမာရေးစစ်ဆေးမှုပြီးပါက ကျန်းမာရေးစစ်ဆေးချက်လက်မှတ်သင့်အားထုပ်ပေးပါမည်။

ကူးစက်ရောဂါပြန့်ပွားမှုအတွက်ကြိုတင်ကာကွယ်ရန်လိုအပ်ပါက ၎င်း၊ ကုသမှုခံယူရန်လိုအပ်သောရောဂါလက္ခဏာ အမှတ်အသားများတွေ့ရှိပါက၎င်း၊ ကျန်းမာရေးဌာနသည် စစ်ဆေးတွေ့ရှိချက်ကို သက်ဆိုင်ရာတာဝန်ရှိသည့်ဌာနများသို့လွှဲပြောင်းပေးမည်။

အခြားစစ်ဆေးတွေ့ရှိချက်များအတွက် သက်ဆိုင်ရာဌာနများသို့သင်၏သဘောတူညီချက်ဖြင့်ပေးပို့မည်။

နိုင်ငံရေးခိုလှုံခွင့်တောင်းခံသူများအတွက် ကျန်းမာရေးဝန်ဆောင်မှုအချက်အလက်များကို ဗဟိုနိုင်ငံခြားရေးရုံးနှင့် သင့်အတွက်နောက်ပိုင်းသက်ဆိုင်သည့်ကျန်းမာရေးဌာနတို့မှ ရရှိနိုင်သည်။

သင့်အားထုတ်ပေးထားသည့်ကျန်းမာရေးစစ်ဆေးချက်ပုံစံတွင် (ကျန်းမာရေး ရာဇဝင်မေးခွန်းများ) ဖြေ့စွက်ပြီး ကျန်းမာရေးဌာနမှ ကျန်းမာရေးစစ်ဆေးမည့် ဆရာဝန်ထံသို့ပေးအပ်ရမည်။ ကလေးများရှိပါက ကလေးအားလုံးအတွက် တဦးလျှင်ပုံစံတခုစီဖြေ့စွက်ရမည်။

အထက်ပါ ပထမ စစ်ဆေးချက်များအပြင်၊
အေအိုင်ဒီအက်(စ်) (AIDS) / အိပ်(ချ်)အိုင်ဗွီ (HIV)၊ အသဲရောင်ရောဂါ စီပိုး နှင့် အခြားလိင်မှတဆင့် ကူးစက်သောရောဂါများအတွက်သင်နှင့်သက်ဆိုင်သည့်ဒေသကျန်းမာရေးဌာနမှသင့်အားအကြံပြုပေးနိုင်သည်။သင်၏အတိတ်တွင်ၡင်းရောဂါများကူးစက်မှုရှိခဲ့မည်၊သို့မဟုတ်ၡင်းရောဂါများ၏ လက္ခဏာများရှိခဲ့မည်ဆိုပါက ၡင်း ကျန်းမာရေးဌာနမှသင့်အားအကြံပြုပေးချက်သည် သင့်အတွက်အကျိုးရှိမည်ဖြစ်သည်။
ၡင်း စစ်ဆေးမှုများအတွက် သင့်၏ဆန္ဒအလျှောက်၊ သင်၏သဘောတူညီချက်ဖြင့်သာပြုလုပ်သွားမည်။
ဤသို့စစ်ဆေးမှုပြုလုပ်ပါက စစ်ဆေးချက်များကို အလေးထား လျှို့ဝှက်ထားရှိပေးမည်။

ရောဂါအရိပ်အမြွက်များ

## <u>အေအိုင်ဒီအက်(စ်) / အိပ်(ချ်)အိုင်ဗီ (AIDS / HIV) ရောဂါ</u>

လူကိုယ်ခုခံအားကျဆင်းသည့်ရောဂါ အိပ်(ချ်)အိုင်ဗီ ပိုးကူးစက်ပြီးနောက် ခုခံအားနည်းသောရောဂါအဖြစ် အေအိုင်ဒီအက်(စ်) (AIDS) ရောဂါဟုသတ်မှတ်သည်။ အိပ်(ချ်)အိုင်ဗီ (HIV) ဗိုက်ရပ်(စ်)ပိုးသည် လူ၏ခန္ဓာကိုယ်အတွင်းရှိသော ခုခံကာကွယ်သည့်ဆဲများအပေါ်ကျရောက်ပြီးၾင်းဆဲများကို ဖျက်ဆီးပစ်သည်။ ရောဂါပိုးကူးစက်ပြီးနောက် ရက်သတ္တပါတ်အတွင်း၌ ခန္ဓာကိုယ် မသက်မသာဖြစ်ခြင်း၊ ကိုယ်ပူခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်းများဖြစ်လာမည်။ အိပ်(ချ်)အိုင်ဗီ (HIV) ရောဂါပိုးကူးစက်ပြီးနောက် ရောဂါလက္ခဏာများသည် တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ ခန္ဓာကိုယ်အတွင်းရှိကာကွယ်ရေးစံနစ်များ တိုး၍တိုး၍ပျက်စီးမှုများဖြစ်ပေါ်လာနိုင်ပြီး၊ ပြင်းထန်သောရောဂါပိုးများထပ်မံဝင်ရောက်ကူးစက်လာပါက ခန္ဓာကိုယ်သည်ခံနိုင်ရည်မရှိပါက ရှားပါးသောကင်ဆာရောဂါ နှင့် ပြင်းထန်သောအာရုံကြောရောဂါများဖြစ်လာနိုင်ပါသည်။

## <u>အသဲရောင်ရောဂါစီပိုး (HCV)</u>

အသဲရောင်ရောဂါစီပိုး (HCV) သည်ကူးစက်ခံရပြီးသော်လည်း အများအားဖြင့်အသဲရောင်ရောဂါစီပိုး ရှိနေသည်ကိုမသိရှိကြပါ။ သို့သော်လည်း ၎င်း ဗိုက်ရပ်(စ်)ပိုး ရှိသူမှတဆင့်အခြားသူတဦးသို့ ရောဂါပိုးထပ်ဆင့်ကူးစက်နိုင်ပါသည်။၎င်း ရောဂါလက္ခဏာများမှာ  ခံတွင်းပျက်ခြင်း၊ မောပန်းခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အဆစ်အမြစ်များကိုက်ခဲခြင်း၊ရင်ဂေါင်းနာခြင်း၊ နာဖျားမကျန်းမမာဖြစ်ခြင်း၊ အော့အန်ခြင်း နှင့် အနည်းငယ်ကိုယ်ပူခြင်းတို့ဖြစ်သည်။ ၎င်းအပြင် ခန္ဓာကိုယ်အရေပြား နှင့် မျက်လုံးများအဝါရောင်ဖြစ်နိုင်သည်။ အသဲရောင်ရောဂါစီပိုး (HCV) သည်အလိုအလျှောက်ပျောက်ကင်းမှုရှားပါးသည်။

ရောဂါပိုးရှိသူ၏လေးပုံသုံးပုံသည် နာတာရှည်ရောဂါသည်များအဖြစ်ရောက်ရှိကြသည်။ နှစ်အနည်းငယ်ကြာပါက အသဲပျက်စီးနိုင်သည်။

## <u>ဆစ်ဖလစ် ကာလသားရောဂါ ( Syphilis )</u>

၎င်း ရောဂါသည် (Lues ဟုလည်းခေါ်သည်) တစ်ကမ္ဘာလုံးကျယ်ပြန့်ပြီးကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ ၎င်း ရောဂါသည် မှုံမှုံမွှားမွှားတီကောင်သဏ္ဍာန်ဘက်တီးရီးယားပိုးကြောင့်ဖြစ်သည်။
ဤရောဂါသည် တစ်ဆင့်ပြီးတစ်ဆင့်၊ အဆင့်ဆင့် ဖြစ်ပေါ်လာသည်။ ရောဂါလက္ခဏာများသည် အမျိုးမျိုးရှိနိုင်ပြီး တိတိကျကျပြတ်ပြတ်သားသားမရှိပါ။ ရောဂါပိုး ကူးစက်ခံရပြီးနောက် ရက်သတ္တပါတ်သုံးပါတ်ကြာပါကရောဂါပိုးဝင်ရောက်သည့်နေရာ (ဥပမာ ၊ ခန္ဓာကိုယ်လိင်အင်္ဂါ)  ပူပေါင်းဖြစ်လာကာနောက်ပိုင်းတွင် ပြည်တည်နာဖြစ်လာနိုင်သည်။နာကျင်မှုမရှိဘဲအလိုအလျောက်ပျောက်ကင်းသွားသော်လည်း အကင်းပျောက်မသွားနိုင်ဘဲ မကြာခဏဖြစ်ပေါ်လာနိုင်သည့်နာတာရှည်ရောဂါဖြစ်နိုင်သည်။ ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖုး၊ အပိန့်နှင့် အကြိတ်များပေါ်လာနိုင်သည်။ နှစ်ကြာရှည်သွားပါက ကိုယ်တွင်းအင်္ဂါများဖြစ်သည့် နှလုံး၊ ခန္ဓာကိုယ်သွေးလွှတ်ကြောမကြီး၊ အသဲ၊ အရိုးများနှင့် အာရုံကြောများကိုအမြဲပျက်စီးသွားနိုင်သည်၊ ကိုယ်ဝန်ဆောင်ချိန်တွင် ၎င်း ရောဂါပိုးကူးစက်ခံရပါက အဆိုပါ ဘတ်တီးရီးယားပိုးသည် မမွေးဖွါးသေးသည့် ခလေးငယ်အားထိခိုက်ပျက်စီးနိုင်ပါသည်။